ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၃ )  ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် ( MLIS )တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ | ၂ - ၅ |
| ၂။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် ( MLIS )တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ | ၆ - ၈ |
| ၃။ | ဂမ်ဘီယာက စွပ်စွဲထားသော ဥပဒေများအပေါ်လေ့လာမိခြင်း | ၉ - ၁၀ |
| ၄။ | ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရမည့်ပမာဏ ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း | ၁၁-၁၂ |
| ၅။ | အိန္ဒိယနိုင်ငံ၏ လိင်ပိုင်းဆိုင်ရာကျူးလွန်မှုနှင့်သက်ဆိုင်သည့်ဥပဒေများသည် အဆင့်မြင့်နည်းပညာများကို လွှမ်းမိုးနိုင်မှုအားနည်းလာခြင်း | ၁၃-၁၅ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ကျင့်ဝတ်များ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ ၁၉၅၄ ခုနှစ် တရားရုံးချုပ်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများ၊ အဆိပ်ရှိပစ္စည်းများဖြစ်သော Thiamethoxam နှင့် Clothianidin ပိုးသတ်ဆေးတို့အား သုံးစွဲရန်တားမြစ်ပိတ်ပင်မည်ဖြစ်ကြောင်း ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများ (၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ပို့ကုန်ရငွေပမာဏ ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနည်းဥပဒေများ၊ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း(Outward Processing)ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၄၃/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း (Outward Processing)ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများအား ပြည်တွင်း၌ ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရန် အလို့ငှာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ)အရ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း(Outward Processing)ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို

ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဤလုပ်ထုံးလုပ်နည်းများသည် ၁-၂-၂၀၂၆ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

ဤလုပ်ထုံးလုပ်နည်းများ၌ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း (Outward Processing)ဆိုသည်မှာ နိုင်ငံတော်အတွင်းရှိ လွတ်လပ်စွာလည်ပတ်နေသောကုန်ပစ္စည်းနှင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းတို့ကို နိုင်ငံတော်ပြင်ပသို့ ယာယီတင်ပို့၍ ထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်း သို့မဟုတ် စီမံခြင်းဆောင်ရွက်ပြီး နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းခြင်းကို ဆိုကြောင်း၊ လွတ်လပ်စွာလည်ပတ်နေသော ကုန်ပစ္စည်း(Goods in circulation)ဆိုသည်မှာ အကောက်ခွန်၊ အခြား အခွန်နှင့်အခများပေးဆောင်ပြီး အကောက်ခွန်ဦးစီးဌာန၏ ကြီးကြပ်မှုမပါဘဲ နိုင်ငံတော်အတွင်း လွတ်လပ်စွာ သယ်ဆောင်ရောင်းဝယ်နိုင်သောကုန်ပစ္စည်းကို ဆိုကြောင်း၊ ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်း(Compensating Product)ဆိုသည်မှာ နိုင်ငံတော်ပြင်ပတွင် တင်ပို့ထားသောကုန်ပစ္စည်းကို ထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်း သို့မဟုတ် စီမံခြင်းတို့ ပြုလုပ်ပြီး ပြန်လည်တင်သွင်းသည့် ကုန်ပစ္စည်းကိုဆိုကြောင်း၊ ပုံစံ ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများအရ သတ်မှတ်သည့်ပုံစံကို ဆိုကြောင်း စသည်ဖြင့် အဓိပ္ပာယ်ဖော်ပြချက်များကို ထုတ်ပြန်ထားပါသည်။

ဤလုပ်ထုံးလုပ်နည်းများအရ နိုင်ငံတော်ပြင်ပတွင်ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသည့်ကုန်ပစ္စည်းများသည် တည်ဆဲဥပဒေများအရလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများအရလည်းကောင်း တင်ပို့တင်သွင်းခွင့် တားမြစ်ပိတ်ပင်ထားသောကုန်ပစ္စည်း၊နိုင်ငံတော်အတွင်းတွင် ကုန်ချောအဖြစ် ထုတ်လုပ်ပြုပြင်စီမံ၍ရနိုင်သောကုန်ပစ္စည်း၊ အဆင့်မြှင့်တင်မှုဆောင်ရွက်နိုင်သည့် ကျောက်မျက်ရတနာများ၊ ပြည်ပတွင်ထုတ်လုပ်ပြုပြင်ပြီး ပြန်လည်တင်သွင်းလာမည့် ကုန်ပစ္စည်းသည် မူရင်းတင်ပို့သောကုန်ပစ္စည်း၏သွင်ပြင်လက္ခဏာ သိသာထင်ရှားစွာပြောင်းလဲသွားသည့်ကုန်ပစ္စည်း၊ မူရင်းကုန်ပစ္စည်းအား ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်းရရှိသည်အထိ ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်အား လျှောက်ထားချိန်တွင် တင်ပြနိုင်မှုမရှိသည့်ကုန်ပစ္စည်းများ မဖြစ်စေရကြောင်း အခြေခံအချက်အနေဖြင့် တားမြစ်ထားသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသူသည် ပုံစံ(၁)ဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း၊ လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များနှင့်အတူ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လျော့နည်းသွားမည့် လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်းတွက်ချက်မှုပုံစံ (၂)လည်း တင်ပြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်းကို နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်းခွင့်ပြုရန် ပုံစံ(၃)ဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း၊ ယင်းသို့လျှောက်ထားရာတွင် လိုအပ်သည့်အချက်အလက်များနှင့်အတူ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် လျော့နည်းသွားသည့် လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်း တွက်ချက်မှုပုံစံ(၄)လည်း တင်ပြရမည်ဖြစ်ကြောင်း၊အကောက်ခွန်ဦးစီးဌာနသည် ဖွင့်လှစ်ခွင့်ပြုသည့် ထုတ်ကုန်ကြေညာလွှာ(Export Declaration-ED)၊သွင်းကုန်ကြေညာလွှာ(Import Declaration-ID)တို့အား မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်တွင် မှတ်တမ်းထားရှိခြင်း၊ မှတ်ပုံတင်စာရင်း ပုံစံ(၅)တွင် စာရင်းရေးသွင်းခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသူသည် ထုတ်ကုန်ကြေညာလွှာ (Export Declaration-ED) ဖွင့်လှစ်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ထုတ်လုပ်ပြုပြင်စီမံထားသောကုန်ပစ္စည်းကို ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း၊ တင်သွင်းသည့် ထုတ်လုပ်ပြုပြင်စီမံထားသော ကုန်ပစ္စည်းသည် တင်ပို့သည့်ကုန်ပစ္စည်းအပေါ် အခြေခံထုတ်လုပ်ထားခြင်း မရှိဘဲ အခြားကုန်ပစ္စည်းကို ကွဲလွဲတင်သွင်းလျှင် ယင်းသို့တင်သွင်းသည့်ကုန်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပြီး ယင်းသို့ကုန်ပစ္စည်းကွဲလွဲတင်သွင်းသည့်သူအား နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းကို ထပ်မံလုပ်ကိုင်ခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်ထားပါသည်။

နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်ရေဆိပ်၊ လေဆိပ်နှင့် ကုန်းတွင်းဆိပ်ကမ်း၌သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ပြင်ပတွင်

ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်းလုပ်ကိုင်ရာမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို တင်သွင်းခွင့်မပြုကြောင်း၊ ပြန်လည်တင်သွင်းလာသော ထုတ်လုပ်ပြုပြင်ထားသည့် ကုန်ပစ္စည်းကို အမှတ်တံဆိပ်တပ်ဆင်ဖြန့်ဖြူးရာတွင် ယင်းအမှတ်တံဆိပ်သည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်ထားသော အမှတ်တံဆိပ် ဖြစ်ရမည်ဖြစ်ကြောင်းနှင့် ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေနှင့် တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည် ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ပြင်ပတွင် ထုတ်လုပ်ပြုပြင်စီမံခြင်းလုပ်ငန်း (Outward Processing) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့်ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၃ )                    ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)၌ ဆိုင်းငံ့အခွန်ငွေပေးချေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အသင့်ထုပ်ပိုးထားသော အစားအသောက်နှင့်စပ်လျဉ်းသည့် အဏုဇီဝဆိုင်ရာအညွှန်း သတ်မှတ်သည့် အမိန့်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ အထွေထွေလုပ်ငန်းနှင့် စားသောက်ဆိုင်ဖွင့်လှစ်လုပ်ကိုင်သူများလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ပြဋ္ဌာန်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၁/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ်တွင် ပထမအကြိမ်ပြင်ဆင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒုတိယအကြိမ်ပြင်ဆင်ခဲ့ပါသည်။ ယခုအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၂၆ ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းနိုင်ရန်၊ ခုံရုံး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ ခုံရုံးနှင့် ဆက်သွယ်ရမည့်နည်းလမ်းများကိုလည်းကောင်း သတ်မှတ်နိုင်ရန် အလို့ငှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ယခုဥပဒေတွင် ပုဒ်မပေါင်း(၁၃)ခု ရှိပါသည်။ ယင်းပြင်ဆင်သည့်ဥပဒေတွင် မူရင်းဥပဒေပုဒ်မ ၂ ၌ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသော စကားရပ်(၅)ခုကို ဖြည့်စွက်ပြဋ္ဌာန်းထားပါသည်။

ဤပြင်ဆင်သည့်ဥပဒေတွင် မူရင်းဥပဒေပုဒ်မ ၄ ၌ ဖော်ပြပါရှိသော နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ခုံရုံးအဖွဲ့ဝင်များအဖြစ် ရွေးချယ်မည့်သူများတွင် ပြည့်စုံရမည့်အရည်အချင်းများကို ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ယင်းပြင်ဆင်သည့်ဥပဒေတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ မူရင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊တင်သွင်းလွှာအပေါ် ကြားနာခြင်းကိစ္စနှင့်စပ်လျဉ်း၍ မူရင်းဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်ကို လည်းကောင်း၊တင်သွင်းလွှာကိုကြားနာပြီးနောက် ခုံရုံး၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊သဘောထားပြန်ကြားချက်၊ ဆုံးဖြတ်ချက်တို့နှင့်စပ်လျဉ်း၍ မူရင်းဥပဒေပုဒ်မ ၂၂(က)၊ (ဂ)၊ (ဃ)တို့ပါ ပြဋ္ဌာန်းချက်တို့ကိုလည်းကောင်း အစားထိုးပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါသည်။

မူရင်းဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဈ)တွင် ပြဋ္ဌာန်းထားသော ခုံရုံး၏လုပ်ငန်းတာဝန်များထဲမှ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ အစီရင်ခံတင်ပြရမည့်တာဝန်ကို ယခုပြင်ဆင်သည့်ဥပဒေတွင် ပယ်ဖျက်ထားပါသည်။

ဤပြင်ဆင်သည့်ဥပဒေတွင် မူရင်းဥပဒေ ပုဒ်မ ၃၇ နှင့် ၃၇-က တို့ကို ပယ်ဖျက်ထားသော်လည်း မူရင်းဥပဒေပုဒ်မ ၃၇-ကပါ ပြဋ္ဌာန်းချက်ကို မူရင်းဥပဒေ ပုဒ်မ ၂၁ တွင် ပယ်ဖျက်ထားသော ပုဒ်မခွဲ (စ) ၌ ပြန်လည်၍ ဖြည့်စွက်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ဤပြင်ဆင်သည့်ဥပဒေတွင် စိတ်ဝင်စားဖွယ်တွေ့ရှိရသည်မှာ ခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုပင်ဖြစ်ပါသည်။ခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ မူရင်းဥပဒေတွင် ယေဘူယျသဘောသာ ပြဋ္ဌာန်းထားသော်လည်း ယခုပြင်ဆင်သည့်ဥပဒေတွင် ပုဒ်မ ၂၃ ကို “ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) အရ တရားရုံးတစ်ရုံးက တင်သွင်းသောအကြောင်းကိစ္စနှင့်စပ်လျဉ်း၍

ချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် တူညီသောဥပဒေဆိုင်ရာ အငြင်းပွားမှုအားလုံးနှင့် သက်ဆိုင်စေရမည်”ဟုလည်းကောင်း၊ ဥပဒေပုဒ်မ ၂၄ ကို “ခုံရုံး၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားအသီးသီးသည် အပြီးအပြတ်အတည်ဖြစ်စေရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာနေရာဒေသအသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်”ဟုလည်းကောင်း အသီးသီးအစားထိုးပြဋ္ဌာန်းထားချက်အရ ခုံရုံးဆုံးဖြတ်ချက်၏အကျိုးသက်ရောက်မှုသည် ပို၍တိကျခိုင်မာကာ အာဏာသက်ရောက်မှုမှာလည်း ကြီးမားကျယ်ပြန့်လာသည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်း၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဂမ်ဘီယာက စွပ်စွဲထားသော ဥပဒေများအပေါ် လေ့လာမိခြင်း

ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်များဖြင့် ဥပဒေများပြဋ္ဌာန်းခဲ့ပြီး ခွဲခြားဆက်ဆံသည်ဟု ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲထားသော အချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ဦးဆောင်ရှေ့နေ Mr.Christopher Staker က ချေပလျှောက်လဲရာတွင် "ကလေးမွေးဖွားမှုကို ကန့်သတ်ထားသည်ဆိုသော စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သည့်ဥပဒေ(၄)ခုမှာ ဘင်္ဂါလီများကလေးမွေးဖွားမှုကို ကန့်သတ်သည့် မျိုးစောင့်ဥပဒေများအဖြစ် စွပ်စွဲဖော်ပြရာတွင် ယင်းဥပဒေများနှင့်စပ်လျဉ်း၍ မြန်မာက အချေလွှာတွင် ထည့်သွင်းချေပခဲ့သည်ကို တွေ့ရှိရပြီး အစိုးရကသတ်မှတ်ထားသောနယ်မြေများတွင် သားဆက်ခြားသည့် အစီအစဉ်များအတွက် လုပ်ငန်းစဉ်များ ပြဋ္ဌာန်းထားခြင်းသည် နိုင်ငံလုံးဆိုင်ရာဥပဒေဖြစ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီလူဦးရေကို ဦးတည်ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း၊ ယင်းဥပဒေကို ဘင်္ဂါလီများအပေါ် အတင်းအကြပ်ချမှတ် အကောင်အထည်ဖော်ခဲ့ခြင်း မရှိကြောင်းကို ဂမ်ဘီယာဘက်မှ သက်သေများတွင် ကလေးနှစ်ဦးနှင့်အထက်ရှိနေသည်ကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပါကြောင်း၊ မြန်မာ့ဥပဒေ၏ရည်ရွယ်ချက်နှင့် လက်တွေ့အကောင်အထည်ဖော်မှုနယ်ပယ်အကြောင်းကို မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေက ပီပြင်ပေါ်လွင်အောင် ချေပနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၀၀၅ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာဥပဒေ၊ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေများကို ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေလိုသည့်ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခဲ့သည်ဟု စွပ်စွဲနေခြင်းသာဖြစ်ပါသည်။

လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချပြီး လူနေမှုဘဝမြင့်မားစေရန်အတွက် အထောက်အကူပြုနိုင်ရန် ဟူသော အချက်ဖြစ်ပါသည်။

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားတို့၏

ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးထိန်းသိမ်းခြင်း စသည်တို့နှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို မျှတစွာရရှိခံစားစေနိုင်ရန်နှင့် ထိရောက်သည့်ကာကွယ်မှုများ ပေးနိုင်ရန် ဖြစ်ပါသည်။

တစ်လင်တစ်မယားနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ ဥပဒေနှင့်အညီ ထိမ်းမြားသောလင်နှင့်မယားတို့ တစ်ဦးအပေါ်တစ်ဦးသစ္စာရှိစွာဖြင့် သာယာချမ်းမြေ့သည့်အိမ်ထောင်ရေး တစ်ခု တည်ဆောက်နိုင်ရန်နှင့် တစ်ဦးထက်ပိုယူခြင်းကြောင့် ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေး ပြဿနာနှင့် အိမ်ထောင်ရေးမှုခင်းများကို ထိန်းသိမ်းနိုင်ရန်ဖြစ်ပါသည်။

အဆိုပါဥပဒေများသည် လူပုဂ္ဂိုလ်၊ လူတစ်စုအား ဦးတည်ရည်ရွယ်ခြင်း မဟုတ်ကြောင်းကို ဥပဒေများပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်များကို လေ့လာလျှင် တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်၊ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည် ဟုလည်းကောင်း၊ ပုဒ်မ ၃၄၈ တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပြီး အထက် ဖော်ပြပါဥပဒေများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြဋ္ဌာန်းထားသာခြင်းဖြစ်၍ ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်များသည် တစ်ဖက်သတ် စွပ်စွဲချက်များသာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်

- www.moi.gov.mm/news/79287

## ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရမည့် ပမာဏ ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရမည့်ပမာဏ ပြင်ဆင်သတ်မှတ်ထားသော ပို့ကုန်ရငွေပမာဏပြင်ဆင်သတ်မှတ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၆ ကို ၇-၁-၂၀၂၆ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၆ သည် ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ ဗဟိုဘဏ်၏အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ပါ သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂တွင် ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပမှနိုင်ငံခြားသုံးငွေဖြင့် ရရှိသောဝင်ငွေများကို ပြည်တွင်းသို့ ပြန်လည်ပေးပို့ပြီး နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD)လိုင်စင်ရဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်၍ အလုပ်လုပ်ရက်တစ်ရက်အတွင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရောင်းချရန် သတ်မှတ်ထားပြီး ကင်းလွတ်ခွင့်ပြုမည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက သီးခြားထုတ်ပြန်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေကို မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရမည့် ပမာဏသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်အနေဖြင့် ၅-၈-၂၀၂၂ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၂၂ ဖြင့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ ၁၃-၇-၂၀၂၃ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၃ဖြင့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ၆-၁၂-၂၀၂၃ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၃

ဖြင့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကို လည်းကောင်း၊ ၇-၈-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၂၄ ဖြင့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုလည်းကောင်း ဗဟိုဘဏ်၏အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ပါ သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် အသီးသီးပြင်ဆင်သတ်မှတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုအခါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၆ အရ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၁၅ ရာခိုင်နှုန်းကိုသာ ဗဟိုဘဏ်၏အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ပါ သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ၁-၁-၂၀၂၆ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊
အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်

- https://www.mlis.gov.mm

## အိန္ဒိယနိုင်ငံ၏ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုနှင့်သက်ဆိုင်သည့်ဥပဒေများသည် အဆင့်မြင့်နည်းပညာများကို လွှမ်းမိုးနိုင်မှုအားနည်းလာခြင်း

နည်းပညာလောကတွင် ဒစ်ဂျစ်တယ်ကမ္ဘာ (Metaverse)ဟူသော ဝေါဟာရသည် လူပြောများသော အကြောင်းအရာတစ်ခုဖြစ်လာပြီး အဆိုပါတိုးတက်မှုနှင့်အတူ "Metacrime" ဟုခေါ်သော ဒစ်ဂျစ်တယ် ရာဇဝတ်မှုအသစ်အဆန်းများကလည်း အိန္ဒိယအပါအဝင် ကမ္ဘာတစ်ဝန်းရှိ ဥပဒေစနစ်များကို ကြီးမားသောစိန်ခေါ်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ဒစ်ဂျစ်တယ်ကမ္ဘာ (Metaverse) ဆိုသည်မှာ အတုအယောင်ပတ်ဝန်းကျင်ဖြစ်ပြီး ယင်းအတုအယောင်ပတ်ဝန်းကျင်သည် 3D မြင်ကွင်းဖြင့် အသုံးပြုသူအား ထိုနေရာတွင် တကယ်ရှိနေသည်ဟု ယုံကြည်စေခြင်း(VR)၊ ပြင်ပလက်တွေ့ကမ္ဘာတွင် အတုယောင်ကမ္ဘာထင်ဟပ်စေခြင်း(AR)နှင့် ပြင်ပလက်တွေ့ကမ္ဘာနှင့် ဒစ်ဂျစ်တယ်ကမ္ဘာကို ချဲ့ထွင်ပေါင်းစပ်စေခြင်း(XR)တို့ကို ပေါင်းစပ်ထားပြီး အသုံးပြုသူများကို ၎င်းတို့၏ကိုယ်စားပြု ဒီဂျစ်တယ်ရုပ်ပုံ(Avatar)မှတစ်ဆင့် ဒစ်ဂျစ်တယ်စကြာဝဠာအတွင်း ရှင်သန်နေထိုင်စေခြင်းဖြစ်ပါသည်။ Elon Musk ၏ Neuralink ကဲ့သို့သော နည်းပညာများကလည်း လူ့နာ့ဗ်ကြောစနစ်နှင့် နည်းပညာကို တိုက်ရိုက်ထိတွေ့စေပါသည်။ ဒစ်ဂျစ်တယ်ကမ္ဘာ (metaverse)ဟာ့ဒ်ဝဲများသည် အသုံးပြုသူ၏ မျက်လုံးလှုပ်ရှားမှု၊ မျက်နှာအမူအရာနှင့် ကိုယ်နေဟန်ထားများကဲ့သို့သော ဇီဝဆိုင်ရာအချက်အလက်များကို စုဆောင်းလေ့ရှိပါသည်။စိတ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုသီအိုရီ(Psychological Ownership Theory)အရ အသုံးပြုသူသည် ကိုယ်စားပြု ဒီဂျစ်တယ်ရုပ်ပုံ(Avatar)ကို မိမိကိုယ်တိုင်အဖြစ် သတ်မှတ်သောကြောင့် ဒီဂျစ်တယ်ရုပ်ပုံ (Avatar)အပေါ် ကျူးလွန်စော်ကားမှုများသည် ပြင်ပလောကတွင် ကိုယ်တိုင်ကျူးလွန်ခံရသကဲ့သို့ ပြင်းထန်သော စိတ်ဒဏ်ရာကို ဖြစ်ပေါ်စေသည်။ ယင်းက "Metacrime" ဟု ခေါ်သော ရာဇဝတ်မှုပုံစံသစ်များကို ဖြစ်ပေါ်စေသည်။

အိန္ဒိယနိုင်ငံ၏ ပထမဆုံးဒစ်ဂျစ်တယ်ကမ္ဘာ(Metaverse)ဖြစ်သည့် လိင်ပိုင်းဆိုင်ရာစော်ကားမှုတွင် အသက် ၁၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ပလက်ဖောင်းတစ်ခုအတွင်း သူမ၏ကိုယ်စားပြု ဒီဂျစ်တယ်ရုပ်ပုံ(Avatar)ကို တစ်စုံတစ်ဦးက ချဉ်းကပ်ကာ လိင်ပိုင်းဆိုင်ရာအမူအရာများ ပြုလုပ်ပြီး

မသင့်လျော်စွာ ကိုင်တွယ်ခြင်းခံခဲ့ရသည်။ သူမ၏စိတ်ကျန်းမာရေးဆရာဝန်က သူမခံစားရသော ပြင်းထန်စိုးရိမ်စိတ် (Acute Anxiety)နှင့် တုန်လှုပ်ဖွယ်ရာ အတိတ်ပြန်မြင်ယောင်မှု (Flashbacks) များသည် ပြင်ပတွင် လိင်ပိုင်းဆိုင်ရာစော်ကားခံရသူများ၏ လက္ခဏာများနှင့် ထပ်တူကျနေကြောင်း မှတ်ချက်ပြုခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာဥပဒေများသည် ရုပ်ပိုင်းဆိုင်ရာ တည်ရှိမှုအပေါ်တွင်သာ အခြေခံထားသည်။ အိန္ဒိယနိုင်ငံပြစ်မှုဆိုင်ရာဥပဒေ (The Bharatiya Nyaya Sanhita, 2023 -BNS) ပုဒ်မ ၆၃(မုဒိမ်းမှု)သည် ရုပ်ပိုင်းဆိုင်ရာကျူးလွန်မှုကိုသာ အဓိပ္ပာယ်ဖွင့်ဆိုထားသဖြင့် အတုအယောင် ကမ္ဘာရှိ ရာဇဝတ်မှုများကို အရေးယူရန်ခက်ခဲသည်။ထို့ပြင် ယင်းဥပဒေပုဒ်မ ၇၈၊ စောင့်ကြည့် နှောင့်ယှက်ခြင်းတွင် အတုအယောင်ကမ္ဘာအတွင်း Avatar များက နောက်ယောင်ခံခြင်းကို အရေးယူရန် ဥပဒေကို ပိုမိုကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုရန်လိုအပ်ပြီး ပုဒ်မ ၇၉၊ အမျိုးသမီးတစ်ဦး၏ အိန္ဒြေကို စော်ကားခြင်းတွင် "အမူအရာ"ဟူသော စကားလုံးကို အသုံးပြု၍ ဒစ်ဂျစ်တယ်ကမ္ဘာတွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများကို အရေးယူနိုင်သည်။အိန္ဒိယနိုင်ငံသတင်းအချက်အလက်နည်းပညာ အက်ဥပဒေ(IT Act, 2000 )လည်း "ရုပ်ပိုင်းဆိုင်ရာမပါဝင်ဘဲကျူးလွန်သောမုဒိမ်းမှု" (rape without bodies)အတွက်ဟု ခေါ်ဆိုနိုင်သည့် ကိစ္စရပ်များကို ပြစ်မှုအဖြစ်သတ်မှတ်သည့် တိကျပြတ်သား သော ပြဋ္ဌာန်းချက်မျိုး မရှိသေးပေ။ ယင်းဥပဒေပုဒ်မ ၆၇၊ ၆၇(က)နှင့် ၆၇(ခ)တို့သည် ရှန့်ရှင်း ကြမ်းတမ်းသော သို့မဟုတ် ညစ်ညမ်းသော အကြောင်းအရာများကို ထုတ်ဝေခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်းများအတွက်သာ အပြစ်ပေးခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာပြစ်မှုများမှ ကာကွယ်ရေးအက်ဥပဒေတွင် ကလေးတစ်ဦးကို လိင်ပိုင်းဆိုင်ရာသာယာမှုအတွက် "မည်သည့်အီလက်ထရောနစ်ပုံစံ" ဖြင့်မဆို အသုံးပြုခြင်း (ကလေးညစ်ညမ်းပုံရိပ်များ)အား အရေးယူရန်ပါရှိပါသည်။ သို့သော်လည်း လက်ရှိတွင် အဆိုပါအက်ဥပဒေသည် ကလေးငယ်များ၏ အိုင်ကွန် သို့မဟုတ် ဒစ်ဂျစ်တယ်ကိုယ်စားပြုရုပ်ပုံများ (avatars)ပေါ်တွင် သက်ရောက်မှုရှိရန် မလုံလောက်ပါ။ ထို့အပြင် ၂၀၂၃ ခုနှစ် ဒစ်ဂျစ်တယ် ကိုယ်ရေးကိုယ်တာ အချက်အလက်ကာကွယ်ရေးအက်ဥပဒေနှင့် ယင်း၏ စည်းမျဉ်းများသည် ဥပဒေ

အကာအကွယ်ရရန် ခြေလှမ်းသစ်တစ်ခု ဖြစ်သော်လည်း ၎င်းမှာ အာဏာသက်ရောက်မှုမရှိသေးပါ။ ထို့ကြောင့် ဒစ်ဂျစ်တယ်ကိုယ်ရေးကိုယ်တာအချက်အလက်ကာကွယ်ရေးအက်ဥပဒေနှင့် အိန္ဒိယနိုင်ငံ သတင်းအချက်အလက် နည်းပညာအက်ဥပဒေတို့အကြား မည်သည့်ဥပဒေက မည်သည့်ကဏ္ဍတွင် ပိုမိုသက်ရောက်မှုရှိသည် (စီရင်ပိုင်ခွင့်အာဏာ) ဆိုသည့် မေးခွန်းမှာလည်း ရှုပ်ထွေးလျက်ရှိပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံပြစ်မှုဆိုင်ရာဥပဒေ(BNS, 2023)၏ ပုဒ်မ ၂(၂၀)ပါ "အနာတရ"အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့်ခံစားရသော စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကို အတိအလင်း ထည့်သွင်းသင့်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံကဲ့သို့ ဒစ်ဂျစ်တယ်ကိုယ်စားပြုရုပ်ပုံများ အပေါ်အခြေပြု၍ လိင်ပိုင်းဆိုင်ရာစော်ကားမှုကို သီးသန့်ပြစ်မှုအဖြစ် ပြဋ္ဌာန်းသင့်ကြောင်း၊ ဂျာမနီနှင့် အမေရိကန် (New Jersey, California) ဥပဒေများကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ တိုက်ရိုက်ရှိနေရန် မလိုဘဲ ခြိမ်းခြောက်ခြင်း သို့မဟုတ် လှည့်ဖြားခြင်းဖြင့် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာလုပ်ရပ်များကိုပါ အရေးယူဆောင်ရွက်သင့်ကြောင်း သုတေသီများက အကြံပြုထားပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် လက်ရှိ၌ ဒစ်ဂျစ်တယ် ကိုယ်စားပြုရုပ်ပုံများအပေါ် အခြေခံသည့် မုဒိမ်းမှု(Avatar-based Digital Rape)ကို သီးသန့်ကိုင်တွယ်ဖြေရှင်းနိုင်မည့်ဥပဒေမျိုး လိုအပ်လျက် ရှိပြီး ဒစ်ဂျစ်တယ်စနစ်ဖြင့် ခန္ဓာကိုယ်ပုံဖော်ထားသည့် နစ်နာမှုများကို အသိအမှတ်ပြု၍ အရေးယူရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

Reference

https://www.jurist.org/commentary/2026/01/the-corporeality-crisis-how-immersive-technology-is-outpacing-indias-sexual-assault-laws/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

